Food and Agriculture Organization of the United Nations

MRLG MEKONG REGION LAND GOVERNANCE

# မြန်မာနိုင်ငံ၏ ရိုးရာဓလေ့ထုံးတမ်းအလိုက် မြေစီမံ လုပ်ကိုင်မှု စနစ်များအား အသိအမှတ်ပြုနိုင်ရန်နှင့် ကာကွယ်နိုင်ရန် အတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ



မူဝါဒ အကျဉ်းချုပ်

# ကျေးဇူးတင်လွှာ

ဤစာတမ်းသည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် မဲခေါင်ဒေသမြေယာစီမံအုပ်ချုပ်မှု (MRLG) စီမံကိန်းတို့ ပူးတွဲပြုစုခြင်းဖြစ်သည်။ မဲခေါင်ဒေသမြေယာစီမံအုပ်ချုပ်မှုသည် ဆွစ်ဇာလန်နိုင်ငံအစိုးရက ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (SDC) မှတဆင့် ပံ့ပိုး၍ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဖက်ဒရယ် ဝန်ကြီးဌာန (BMZ) နှင့် လူဇင်ဘတ်နိုင်ငံအစိုးရတို့မှ ပူးတွဲငွေကြေးပံ့ပိုးသော စီမံကိန်းဖြစ်သည်။

မူရင်းစာသားကို Florian Rock မှ ပြုစုရေးသားပြီး Marianna Bicchieri၊ Christian Castellanet၊ Paul Munro-Faure၊ Paolo Groppo၊ Louisa J.M. Jansen၊ Robert Oberndorf နှင့် Natalia Scurrah တို့၏ မူကြမ်းအပေါ် အခြေခံပါသည်။ Karin Eberhardt နှင့် Paul de Wit တို့မှ ဖြည့်စွက်အကြံပြုမှုအတွက် ကျေးဇူးတင်ရှိပါသည်။ ၂၀၁၈ ခုနှစ် မေ ၂၈-၃၀ အတွင်း ကျင်းပခဲ့သည့် MRLG/FAO ဒုတိယအကြိမ်ဒေသတွင်း မြေယာညီလာခံတွင် ရိုးရာဓလေ့ထုံးတမ်းမြေအသုံးချမှုအား အသိအမှတ်ပြုခြင်း ဆွေးနွေးပွဲ တက်ရောက်ခဲ့သူများအားလည်း ဤစာတမ်းအချောမသတ်မီ ပါဝင်မှတ်ချက်ပေးဆွေးနွေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါသည်။ ဤမူဝါဒအကျဉ်းချုပ်အား Kim Des Rochers မှ တည်းဖြတ်၍ Luca Feliziani မှ ဒီဇိုင်းရေးဆွဲပါသည်။

ကိုးကားလျှင် ရည်ညွှန်းရန် -

FAO and MRLG. 2020 မြန်မာနိုင်ငံ၏ ရိုးရာဓလေ့ထုံးတမ်းအလိုက် မြေစီမံလုပ်ကိုင်မှု စနစ်များအား အသိအမှတ်ပြုနိုင်ရန်နှင့် ကာကွယ်နိုင်ရန် အတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ. ဘန်ကောက်.

ဤအချက်အလက်စာတမ်းပါ ရည်ညွှန်းချက်များနှင့် တင်ပြချက်များမှာ မည်သည့်တိုင်းပြည်၊ နယ်နိမိတ် မြို့ သို့မဟုတ် ဧရိယာမဆိုနှင့် သက်ဆိုင်ရာ အာဏာပိုင်များ၏ ဥပဒေအရ သို့မဟုတ် ဖွံ့ဖြိုးမှုအရ သတ်မှတ်ချက် သို့မဟုတ် သက်ဆိုင်ရာ နယ်နိမိတ်၊ အကျယ်အဝန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ FAO သို့မဟုတ် MRLG တို့၏ မည်သည့်အမြင်ကိုမျှထင်ဟပ်ခြင်း မရှိပါ။ ကုမ္ပဏီများ သို့မဟုတ် ထုတ်လုပ်သူများ၊ ကုန်ပစ္စည်းများအကြောင်း ဖော်ပြထားချက်များ ပါရှိလျှင်၊ ၎င်းတို့အား မူပိုင်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခြားအလားတူ သဘာဝရှိ၍ ဖော်ပြထားခြင်းမခံရသော အရာများနှင့် ယှဉ်၍ FAO သို့မဟုတ် MRLG တို့မှ ၎င်းတို့အား ထောက်ခံကြောင်း၊ ညွှန်းဆိုကြောင်း အဓိပ္ပါယ်မသက်ရောက်စေရပါ။

ဤအချက်အလက်စာတမ်းတွင် ဖော်ပြထားသော အမြင်များမှာ စာရေးသူ(များ)၏ အမြင်သာဖြစ်ပြီး FAO သို့မဟုတ် MRLG တို့၏ အမြင်များကို ထင်ဟပ်သည်ဟု ယူဆခြင်း မရှိစေရပါ။

© FAO, 2020

မူပိုင်ခွင့် အချို့ ကန့်သတ်ထားပါသည်။ ဤစာတမ်းအား Creative Commons Attribution-NonCommercial-ShareAlike 3.0 IGO licence (CC BY-NC-SA 3.0 IGO; https://creativecommons.org/licenses/by-nc-sa/3.0/igo) လိုင်စင် အရ ရယူသုံးစွဲနိုင်ပါသည်။

ဤလိုင်စင်အရ ဤစာတမ်းကို စီးပွားဖြစ်ရည်ရွယ်ချက်အတွက်မှအပ သင့်လျော်စွာ ရည်ညွှန်းကိုးကားချက်ပေး၍ ကူးယူ၊ ဖြန့်ဝေ၊ ကိုးကားဖြည့်စွက်နိုင်သည်။ ဤစာတမ်းအား မည်သည့်ပုံစံနှင့်မဆို အသုံးပြုရာတွင် FAO မှ အဖွဲ့အစည်း၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု တစ်စုံတစ်ရာအား ထောက်ခံသည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်း မရှိစေရပါ။ FAO အမှတ်တံဆိပ်အား သုံးစွဲခွင့်မရှိပါ။ ဤစာတမ်းအား ကိုးကားဖြည့်စွက်ပြင်ဆင်လျှင် အလားတူ Creative Commons လိုင်စင်မှတ်ပုံတင်ရမည်။ ဤစာတမ်းအား ဘာသာပြန်ဆိုလျှင် သက်ဆိုင်ရာ ကိုးကားရည်ညွှန်းချက်နှင့်အတူ အောက်ပါ ငြင်းဆိုချက်ထည့်သွင်းရမည် - “ဤဘာသာပြန်မူမှာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဖန်တီးပြုစုခြင်းမဟုတ်ပါ။ ဤဘာသာပြန်မူပါ အကြောင်းအရာ သို့မဟုတ် တိကျမှန်ကန်မှုအတွက် FAO တွင် တာဝန်မရှိပါ။ မူရင်း (ဘာသာစကား) မူမှာ အပြီးသတ် အတည်ဖြစ်သည်။

အေးချမ်းစွာဖြေရှင်း၍ မရသော လိုင်စင်အရ အငြင်းပွားမှုများကို အောက်တွင် အခြားတစ်နည်းဖော်ပြထားခြင်းမရှိပါက လိုင်စင် စာပိုဒ် ၈ အရ ဖော်ပြထားသော ကြားနေ၊ ခုံသမာဓိအဖွဲ့၏ ညှိနှိုင်းမှုဖြင့် ဖြေရှင်းရမည်။ ကြားဝင်ညှိနှိုင်းခြင်း စည်းမျဉ်းများမှာ ကမ္ဘာ့ဉာဏပစ္စည်း အဖွဲ့အစည်း http://www.wipo.int/amc/en/mediation/rules ၏ စည်းမျဉ်းများအတိုင်း ဖြစ်ကာ ခုံသမာဓိဆုံးဖြတ်မှုမှာ ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်ရေး ဥပဒေဆိုင်ရာ ကော်မရှင် (UNCITRAL) ၏ ခုံသမာဓိဖြေရှင်းနည်း စည်းမျဉ်းများနှင့်အညီ ဖြစ်ရမည်။

တတိယအဖွဲ့အစည်း ပစ္စည်းများ - ဤစာတမ်းပါ တတိယအဖွဲ့အစည်းတစ်ရပ်အား ရည်ညွှန်းထားသော ဇယား၊ ကိန်းဂဏန်း သို့မဟုတ် ပုံများကဲ့သို့ တစ်စုံတစ်ရာအား ပြန်လည် သုံးစွဲလိုသူများသည် ထိုအတွက်ခွင့်ပြုချက်လိုမလို ကိုယ်တိုင်ဆုံးဖြတ်၍နှင့် မူရင်းမူပိုင်ခွင့်ရှိသူထံမှ ကိုယ်တိုင် ခွင့်ပြုချက်တောင်းခံရမည်။ ဤစာတမ်းပါ တတိယအဖွဲ့အစည်းပိုင် တစ်စုံတစ်ရာအား ကူးယူသုံးစွဲမှုကြောင့် နစ်နာကြေးတောင်းဆိုလာပါက သုံးစွဲသူတွင်သာ တာဝန်ရှိသည်။

ရောင်းချခြင်း၊ မူပိုင်ခွင့်နှင့် လိုင်စင်တင်ခြင်း - FAO ၏အချက်အလက် ပစ္စည်းများကို FAO website (www.fao.org/publications) တွင်တွေ့နိုင်ပြီး publications-sales@fao.org မှတဆင့်ဝယ်ယူနိုင်သည်။ စီးပွားဖြစ်သုံးစွဲလိုပါက via: www.fao.org/ contact-us/licence-request ထံဆက်သွယ်တောင်းခံရမည်။ မူပိုင်ခွင့်နှင့် လိုင်စင်ဆိုင်ရာ စုံစမ်းမေးမြန်းမှုများအတွက် copyright@fao.org အားဆက်သွယ်နိုင်သည်

# မာတိကာ


နောက်ခံအခြေအနေ 3

ဥပဒေ မူဝါဒမူဘောင် 6

စိန်ခေါ်မှုများ 9

အခွင့်အလမ်းများ 10

အကြံပြုချက်များနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များ 12

ကိုးကား 15

# အဓိက အကြံပြုချက်များ

- အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ လူထုများ ကျယ်ပြန့်စွာပါဝင်စေ၍ အမျိုးသားမြေဥပဒေသစ်နှင့် အကောင် အထည်ဖော်ရန် နည်းဥပဒေများ ကို ရေးဆွဲကာ မြန်မာနိုင်ငံရှိ ရိုးရာမြေအသုံးချမှု စနစ်များအား အသိအမှတ်ပြုမည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ရန်။

- ရပ်ရွာအဆင့်တွင် ရိုးရာမြေအသုံးချမှု စနစ်များအား သဟဇာတရှိစွာ မှတ်တမ်းတင်၍ မြေပုံထုတ်သည့် လုပ်ငန်းများအား မြှင့်တင်အားပေးကာ ရရှိလာသည့် ယာယီမြေပုံများကို အခြေခံ၍ ကြားဖြတ်အကာအကွယ်များ ဖော်ဆောင်ပေးရန်။

- ရိုးရာမြေအသုံးချမှုစနစ်များအား လေးစား အသိအမှတ်ပြု၍ ကာကွယ်နိုင်ရေးနှင့် တစ်ချိန်တွင် မှတ်ပုံတင်နိုင်ရေးအတွက် အတွက် ရှေ့ပြေးလုပ်ငန်းစဥ်များ ဖန်တီး စမ်းသပ်ရန်။

- အမျိုးသားမြေအသုံးချမှု မူဝါဒပါ အခြေခံမူများ နှင့် အညီ ၂၀၁၂ လယ်ယာမြေဥပဒေ၊ ၂၀၁၂ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေး ဥပဒေနှင့် ၁၉၉၂ သစ်တောဥပဒေများအား ပြန်လည်သုံးသပ်ပြင်ဆင်ရန် နှင့် ဒေသခံ ပြည်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ အမျိုးသမီးများနှင့် အခြား ထိခိုက် လွယ်သော လူအုပ်စုများ အပါအဝင် အကျိုးသက်ဆိုင်သူအားလုံး၏ အမြင်များကိုလည်း ထည့်သွင်းစဥ်းစားရန်။

# နောက်ခံအခြေအနေ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ရှိ ရိုးရာဓလေ့ထုံးတမ်းမြေ စီမံလုပ်ကိုင်မှု စနစ်များအား အသိအမှတ်ပြုရေးနှင့် ကာကွယ်ရေး ဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအကြောင်း အစိုးရ အဖွဲ့အစည်းများ နှင့် အခြား အကျိုးသက်ဆိုင်သူများ အကြား ထိရောက်စွာ ချိတ်ဆက်၍ မူဝါဒ ရေးရာ ဆွေးနွေးတိုင်ပင်နိုင်စေရန် ဤမူဝါဒ အကျဉ်းချုပ်အား ပြုစုရခြင်းဖြစ်သည်။ “အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးနှင့် စပ်လျဉ်း၍ မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများအား အသုံးပြု လုပ်ကိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ရေးအတွက် မိမိဆန္ဒအလျောက် ကျင့်သုံးနိုင်သော လမ်းညွှန်ချက်များ” (VGGT) (FAO/CGS, 2012) ပါ အဓိက အခြေခံမူများနှင့် အညီ မြန်မာနိုင်ငံတွင် ရိုးရာမြေစီမံလုပ်ကိုင်မှု စနစ်များအား အသိအမှတ်ပြုမှုနှင့် ဥပဒေ အကာအကွယ်ပေးမှုများ အားကောင်းလာစေရန် ဤစာတမ်းမှ ရည်ရွယ်ပါသည်။

ယခုလက်ရှိ မြန်မာနိုင်ငံ အစိုးရသည် ၂၀၁၆ ဧပြီလတွင် စတင် တာဝန်ယူခဲ့ပြီး မြေယာ စီမံအုပ်ချုပ်မှုကိစ္စရပ်များ ပြုပြင်ကိုင်တွယ်ရေး၊ မြေယာလုပ်ပိုင်ခွင့်ခိုင်မာမှု တိုးတက်စေရေးနှင့် တိုင်းရင်းသား လူမျိုးစုများနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကတိကဝတ်များ ခိုင်မာစွာ ချမှတ်ထားခဲ့သည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်တစ်ရပ်မှာ အာဏာကို ဗဟိုမချုပ်ကိုင်ဘဲ အဆင့်ဆင့် ခွဲဝေထားပေးသော အားကောင်းသည့် ဖက်ဒရယ် တိုင်းပြည်ပုံစံ တည်ထောင်ရန်နှင့် အကျိုးဆက်အားဖြင့် ပြည်ထောင်စု၊ ပြည်နယ် များနှင့် ဒေသန္တရ အစိုးရအဆင့်များအကြား အကျိုးအမြတ်များ မျှဝေသုံးစွဲရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ မြေယာ ပမာဏအများအပြားမှာ လုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးထားခြင်း မရှိသေးပေ။ အစိုးရ၏ မြေယာ စီမံအုပ်ချုပ်မှု လုပ်ငန်းများနှင့် ကိုလိုနီခေတ် ဥပဒေနှင့် တည်ဆဲ ၂၀၁၂ လယ်ယာမြေ ဥပဒေတို့အရ မြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ပေးခြင်းတို့မှာ မြန်မာနိုင်ငံ အလယ်ပိုင်း နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင်သာ အဓိက အားဖြင့် ဆောင်ရွက်လျက်ရှိသည်။ တောင်ပေါ်ဒေသ နေရာ အများအပြားတွင် ကွင်းမြေပုံများ မရှိသေးပါ။ တိုင်းရင်းသား လူမျိုးစုများက မိမိတို့လုပ်ကိုင်ရာ မြေယာကို ရိုးရာအမွေအနှစ်မြေများ အဖြစ် ရပိုင်ခွင့် ရှိသည်ဟု သတ်မှတ်ထားသည့်တိုင် ဥပဒေအရ မှတ်ပုံ မတင်ထားသော မြေယာများအားလုံးမှာ အစိုးရ၏ စီမံပိုင်ခွင့်အောက်တွင် ရှိနေသည်။ ကျေးရွာများ၊ လူမှုအစုအဖွဲ့များ၏ မြေယာများကို အသိအမှတ်ပြု၊ ကာကွယ်ပေးမည့် ဥပဒေ သတ်မှတ်ချက် တိတိကျကျမရှိခြင်းကြောင့် ထို ရိုးရာ မြေစီမံလုပ်ကိုင်မှု စနစ်များမှာ ဖယ်ကြဉ်ထားခံရနိုင်ခြေ ရှိနေပါသည်။ မြန်မာနိုင်ငံ၏ မြေဧရိယာ ၃၀ ရာခိုင်နှုန်းမှာ သစ်တောမြေများ အဖြစ် သတ်မှတ်ထားကာ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MoNREC) ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိသည်။

မြန်မာနိုင်ငံတွင် ရိုးရာဓလေ့ထုံးတမ်းအရ စီမံလုပ်ကိုင် သော မြေယာ ဧရိယာ မည်မျှရှိသည် ဆိုသည့် အချက်အလက်များ တိတိကျကျ မရှိသေးဘဲ စစ်တမ်းကောက်ယူ နိုင်ရန်အတွက်လည်း ရိုးရာမြေ လုပ်ကိုင်မှု စနစ်ကို တိတိကျကျ ခြုံငုံ အဓိပ္ပါယ်ဖွင့်ဆိုထားမှု မရှိသေးပါ။ သို့သော် မြန်မာနိုင်ငံ၏ မြေဧရိယာ အများအပြားမှာ ရိုးရာဓလေ့ထုံးတမ်း ပုံစံ သို့မဟုတ် တရားဝင် အသိအမှတ်ပြုထားခြင်း မရှိသည့် ပုံစံများဖြင့် စီမံ လုပ်ကိုင်လျက် ရှိသည် ဆိုသည်ကိုတော့ လက်ခံထားကြသည်။ မြန်မာနိုင်ငံတွင် ရိုးရာမြေ စီမံလုပ်ကိုင်မှု ပုံစံအမျိုးမျိုးရှိပြီး သမိုင်းရာဇဝင်၊ ပထဝီအနေအထား၊ အရင်းအမြစ် အခြေခံ၊ လူမျိုး၊ လူဦးရေ သိပ်သည်းဆနှင့် ဈေးကွက်ချိတ်ဆက်မှု ကဲ့သို့သော အချက်များအပေါ် မူတည်၍ ကွဲပြားပါသည်။ နိုင်ငံတစ်ဝန်းတွင် ရိုးရာမြေ စီမံလုပ်ကိုင်မှု စနစ်များကို တွေ့နိုင်ပြီး ရွှေ့ပြောင်း တောင်ယာ အစဉ်အဆက် စိုက်ပျိုးလာခဲ့သော တောင်ပေါ်ဒေသများတွင် လူများစုက ဤစနစ်များကို ကျင့်သုံးကြသည်။ ဗဟိုအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် တိုက်ရိုက် မရှိသော၊ မိမိတို့ကိုယ် မိမိတို့ စီမံအုပ်ချုပ် နေထိုင်လာသော အစုအဖွဲ့ ရပ်ရွာများတွင် ရိုးရာမြေ စီမံလုပ်ကိုင်မှုစနစ်များကို အစဉ်တစိုက် ထိန်းသိမ်း ကျင့်သုံးလာခဲ့သည်။ ထို စနစ်များမှာ ရိုးရာ အလေ့အထများ အပေါ် အခြေခံ ပြီး မြေကို မည်သို့ အသုံးချမည်၊ မြေအသုံးချပုံနှင့် စပ်လျဉ်း၍ မည်သို့ ဆုံးဖြတ်မည် ဆိုသည့် စည်းမျဉ်းများ ပါဝင်သည်။ ရိုးရာဓလေ့ထုံးတမ်း အရ စီမံလုပ်ကိုင်သော မြေများဟု ဆိုရာတွင် ရပ်ရွာ ဘုံပိုင်မြေများ (ကျေးရွာ သို့မဟုတ် ရပ်ရွာအစုအဖွဲ့

လူမျိုးစု သို့မဟုတ် တိုင်းရင်းသား အုပ်စုမှ ကိုင်တွယ်စီမံသောမြေများ)နှင့် တစ်သီးပုဂ္ဂလ ပိုင်မြေများ ( တစ်ဦး တစ်ယောက်ချင်း သို့မဟုတ် အိမ်ထောင်စု တစ်ခုက ပိုင်သောမြေများ) ပါဝင်သည်။ အများအားဖြင့် ထိုနှစ်မျိုး ရောနေလေ့ရှိသည်။ သို့သော် Ewers (2016) ၏ စာတမ်းတွင်မူ အချို့နေရာများ၌ ကျေးရွာ နယ်နိမိတ်အတွင်း ရှိ မြေအားလုံးမှာ တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုပိုင်မြေများသာ ဖြစ်သော်လည်း ပြင်ပမှ လူများကလည်း လုပ်ပိုင်ခွင့် ရယူနိုင်သည့် အခြေအနေမျိုး ရှိကြောင်း မှတ်တမ်းတင်ထားသည်။

အစဉ်အလာအားဖြင့် ရိုးရာမြေ စီမံလုပ်ကိုင်မှု စနစ်တွင် စိုက်ပျိုးမြေ၊ စားကျက်မြေနှင့် သစ်တောများ၊ ကုန်းတွင်း ငါးကန်များ ပါဝင်သည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုအရ အထွတ်အမြတ် နေရာများ၊ သင်္ချိုင်းများနှင့် ယဉ်ကျေးမှုအရ အရေးပါ သော သဘာဝ နေရာများလည်း ပါဝင်သည်။ တောင်ပေါ်ဒေသများရှိ ရိုးရာမြေ စီမံလုပ်ကိုင်မှု စနစ်များတွင် လုပ်ပိုင်ခွင့် ခိုင်မာမှုနှင့် ရပ်ရွာက အသိအမှတ်ပြုထားသော အခွင့်အရေးများ ရှိပြီး ပြင်ပမှလူများ မြေကို လာရောက် တောင်းဆို ရယူနိုင်ခြင်းမရှိပါ။ ရိုးရာမြေ လုပ်ပိုင်ခွင့်မှာ အိမ်ထောင်စု သို့မဟုတ် တစ်ဦးတစ်ယောက်ချင်း အတွက် တစ်သီးပုဂ္ဂလ လုပ်ပိုင်ခွင့် ရှိသလို ရပ်ရွာဘုံပိုင် လုပ်ပိုင်ခွင့်များလည်း ရှိသည်။ ရပ်ရွာဘုံပိုင် မြေများမှာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရာ ကျယ်ဝန်းသော မြေဧရိယာများ ဖြစ်လေ့ရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုသော အမျိုးသား မြေအသုံးချမှု မူဝါဒ (NLUP) တွင် ရိုးရာမြေလုပ်ကိုင်မှု စနစ်အား အသိအမှတ်ပြုရန် အချက်များ ပါဝင်သည့်အတွက် ရိုးရာဓလေ့ထုံးတမ်း အခွင့်အရေးများအား အသိအမှတ်ပြုရာတွင် တိုးတက်မှုများ ပေါ်ပေါက်လာနိုင်သည့် လက္ခဏာ ဖြစ်သည်။

နှစ်ပေါင်းများစွာပင် နိုင်ငံတော်၏ မူဝါဒမှာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုကို ဖယ်ရှား၍ လေ့ကားထစ် စိုက်ပျိုးရေးကို အားပေးလိုသည့်ပုံစံ ရှိခဲ့သည်။ လက်ရှိ မြေယာအမျိုးအစား သတ်မှတ်မှုစနစ်တွင် ရွှေ့ပြောင်း တောင်ယာမြေများ ကို "လေလွင့်မြေများ" အဖြစ် သတ်မှတ်လေ့ရှိသည်။ အာဏာရ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ၏ ရွေးကောက်ပွဲ ကြေညာစာတမ်းတွင်ပင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုမှာ သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေသည်ဟု ယူဆထား၍ တောင်ကုန်းတောင်စောင်း စိုက်ပျိုးရေးစနစ်အား ပြောင်းလဲကျင့်သုံးရန် ပညာပေးခြင်းနှင့် လက်တွေ့အကူအညီပေးခြင်းများ ဆောင်ရွက်ရန် အဆိုပြုထားသည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေများ စီမံခန့်ခွဲမှု ဥပဒေ (VFV ဥပဒေ) အောက်တွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရာမြေများအား မြေလွတ် သို့မဟုတ် မြေရိုင်း (စိုက်ပျိုး အသုံးချနေကြောင်း မထင်ရှားသော သို့မဟုတ် ပစ်ထားသော မြေများ) သို့မဟုတ် မြေရိုင်းများ (ခုတ်ထွင် စိုက်ပျိုးလိုသူအား ချပေးရန် သို့မဟုတ် သစ်တောမြေအဖြစ် ပြောင်းလဲရန် ရှိနေသော ကြိုးဝိုင်းမြေများ) အဖြစ် သတ်မှတ်ထားပြီး ထိုမြေများကို လုပ်ကွက်ငယ်အိမ်ထောင်စုများ သို့မဟုတ် စိုက်ပျိုးရေး လုပ်ငန်းများအား လုပ်ပိုင်ခွင့် ချထားပေးနိုင်သည်။ သို့သော် NLUP တွင် ရွှေ့ပြောင်း တောင်ယာမြေများနှင့် ရိုးရာမြေလုပ်ကိုင်မှု စနစ်များကို ကာကွယ်ရမည်ဟု အဆိုပြုထားသည့်အတွက် အထက်ပါ ရွှေ့ပြောင်းတောင်ယာများအား ထိခိုက်စေနိုင်သည့် အမြင်မှာ ပြောင်းလဲလာသည်ဟု ယူဆရပါသည်။ ထို့ပြင် ၂၀၁၈ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင်လည်း ရွှေ့ပြောင်းတောင်ယာများ၏ အရေးပါမှုကို အသိအမှတ်ပြုထားပြီး "ရပ်ရွာဘုံ အသုံးချမှုများ၊ ရွှေ့ပြောင်းတောင်ယာနှင့် သီးနှံသစ်တော ရောနှော စိုက်ပျိုးမှုကို အသိအမှတ်ပြုခြင်၊ ရေးသားမှတ်တမ်းတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့သည် လုပ်ကွက်ငယ် တောင်သူများ၏ မြေယာအခွင့်အရေးများကို အကာအကွယ် ပေးရုံမျှ သာမက အမျိုးသားရင်ကြားစေ့ရေး အားထုတ်မှုကိုပါ အောင်မြင်စေ နိုင်ပါသည်။" ဟု ဖော်ပြထားပါသည်။

မြန်မာအစိုးရသည် မြေလွတ်၊ မြေရိုင်းဟု သတ်မှတ်ထားသည့် မြေများတွင် အကြီးစား စိုက်ပျိုးရေး လုပ်ငန်းများအား လုပ်ပိုင်ခွင့်ချထားပေးခြင်းကို အင်တိုက်အားတိုက် မြှင့်တင်ဆောင်ရွက်ခဲ့၍ ၂၀၁၂ ခုနှစ် ဝန်းကျင်ကာလများတွင် သက်ဆိုင်ရာ ဥပဒေများဖြင့် ထိုလုပ်ငန်းစဉ်ကို မြန်ဆန်အောင် ဆောင်ရွက်ခဲ့သည်။ သို့သော် ထိုမြေအများစုမှာ ရိုးရာမြေလုပ်ကိုင်မှု စနစ်များအောက်ရှိ မြေများဖြစ်နေသည်။ ၁၉၉၂ မှ ၂၀၁၆ အကြား မြေဧက လေးသန်းခန့်ကို မြေလွတ်၊ မြေရိုင်းများအဖြစ် ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလများအား ချထားပေးခဲ့သည်ဟု ခန့်မှန်းရသည်။ သို့သော် ထိုမြေများ၏ ၁၄.၅

ရာခိုင်နှုန်းသာ အမှန်တကယ် အသုံးပြုခြင်းခံရကြောင်း (စံသိန်းနှင့် အဖွဲ့၊ ၂၀၁၇) စာတမ်းတွင် ဖော်ပြထားသည်။ မြေနှင့် ဆက်စပ်သဘာဝအရင်းအမြစ်များမှာ မြန်မာနိုင်ငံ၏ အဆင့်တိုင်းတွင် ပဋိပက္ခပေါ်ပေါက်စေသော အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ (ဥပမာ ဒေသခံ လူထုများ နှင့် လုပ်ပိုင်ခွင့်ရသည့် လုပ်ငန်းရှင်များအကြား)။

မြန်မာနိုင်ငံတွင် ပဋိပက္ခအမျိုးမျိုးနှင့် ပြည်တွင်းစစ်ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများနှင့် အိမ်နီးချင်း နိုင်ငံများတွင် ဒုက္ခသည်များအဖြစ် ခိုလှုံရသူ အများအပြား ရှိနေပြီး ထိုသူအများစုမှာ တိုင်းရင်းသား ပြည်နယ်များ သို့မဟုတ် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များ နှစ်ဖက် အားပြိုင်အုပ်ချုပ်နေသော တိုင်းဒေသများမှ ဖြစ်ကြသည်။ ၄င်းတို့နေရပ်ပြန်ရေး၊ ရွှေ့ပြောင်း ခိုလှုံရာ သို့မဟုတ် အခြေချရာ နေရာတွင် ဝင်ရောက်နေထိုင်ရေးတို့ကို အမျိုးသား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစား ရန် လိုအပ်ပြီး NLUP တွင် အဆိုပြုထားသကဲ့သို့ ထိုသို့ဆောင်ရွက်ရန် မျှတသည့် လုပ်ငန်းစဉ်များ တည်ထောင်ရန် လိုအပ်ပါသည်။ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ နေရပ်စွန့်ခွာ ရသူများအား မူလ ရိုးရာမြေများတွင် ပြန်လည် ဝင်ရောက်လုပ်ကိုင်နိုင်ရန် နှင့်/ သို့မဟုတ် မြေယာမဲ့ဖြစ်သွားသည့်အတွက် အစားထိုး ချထားပေးနိုင်သည့် မြေများ ရှာဖွေဖော်ထုတ် ပေးရန် လုပ်ငန်းစဉ်များ ပါဝင်မည်ဖြစ်သည်။

မကြာသေးမီ နှစ်များအတွင်း မြန်မာအစိုးရသည် ဒေသခံအစုအဖွဲ့ပိုင် သစ်တော ထူထောင်ခြင်း လုပ်ငန်းစဉ်ကို နိုင်ငံတစ်ဝန်းဖော်ဆောင်လာပြီး ၂၀၁၇ တွင် ဒေသခံ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ညွှန်ကြားချက်အသစ် ပြဋ္ဌာန်းခဲ့သည်။ အခြားသင့်လျော်သော လုပ်ထုံးလုပ်နည်းမူဘောင်များ မရှိသည့်အချိန်တွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှာ ရိုးရာ မြေအရင်းအမြစ် လုပ်ပိုင်ခွင့်အား အသိအမှတ်ပြု၍ ကာကွယ်နိုင်မည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ အထိ သစ်တောမြေ ၈၃,၂၀၄ ဟက်တာတွင် ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ၈၄၀ ထူထောင်ခဲ့ပြီး ဖြစ်သည်(FAO, 2016)။ ၂၀၃၀ အမီ သစ်တောမြေ ဟက်တာပေါင်း ၉၁၉,၀၀၀ အား သစ်တောအသုံးပြုသူအဖွဲ့များထံ ချထားပေးရန် အစိုးရက ရည်မှန်းချက် ချထားပါသည်။


©FAO / Giuseppe Bizzarri

# ဥပဒေမူဝါဒမူဘောင်

မြန်မာနိုင်ငံတွင် ကိုလိုနီအစိုးရများသည် မြေယာကို စီမံအုပ်ချုပ်ရာ၌ ဒေသခံ ရိုးရာ ခေါင်းဆောင်များမှ တဆင့် သွယ်ဝိုက်၍ စီမံအုပ်ချုပ်ခဲ့သည်။ ဤသို့ သွယ်ဝိုက်အုပ်ချုပ်မှုပုံစံအားဖြင့် ရိုးရာမြေ အသုံးချမှု စနစ်များနှင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှု အလေ့အထများကို ဥပဒေတွင် တရားဝင် အသိအမှတ်ပြုခဲ့သည်။ ခေတ်သစ် မြန်မာနိုင်ငံတွင်မူ ရိုးရာဓလေ့ထုံးတမ်းမြေယာ စီမံလုပ်ကိုင်မှု စနစ်များနှင့် စပ်လျဉ်း၍ ပြတ်သားသော မူဝါဒ မရှိဘဲ ထိုစနစ်များကို ဥပဒေတွင် တရားဝင် ထည့်သွင်း အသိအမှတ်ပြုထားခြင်း မရှိသည့်တိုင် လက်တွေ့ကျင့်သုံးနေမှုများ အား လက်ခံပေးထားသည်။

လက်ရှိတွင် ဥပဒေမူဘောင်များမှာ သဟဇာတ ညီညွတ်မှုအားနည်းပြီး ခေတ်နောက်ကျနေလေ့ရှိသော ကြောင့် ရိုးရာမြေ လုပ်ပိုင်ခွင့်များအား အသိအမှတ် ပြုရေးနှင့် ကာကွယ်ပေးရေးအတွက် လုံလောက်သော လုပ်ထုံးလုပ်နည်းများ မရှိသေးဘဲ ထိုလုပ်ပိုင်ခွင့်များ အတွက် အထောက်အကူဖြစ်စေမည့် ဆုံးဖြတ်ချက် ချရေး လုပ်ငန်းစဉ်များတွင်လည်း လူထုပူးပေါင်း ပါဝင်နိုင်မှု အကန့်အသတ်ရှိနေသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ တွင် မြန်မာနိုင်ငံတော်အစိုးရသည် "နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထု အတွင်းရှိ သယံဇာတအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်" ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကိုလည်း အသိအမှတ်ပြုထားသည်။ အခြေခံ ဥပဒေတွင် မြေယာ အခွင့်အရေးများအတွင်း ရိုးရာမြေ လုပ်ပိုင်ခွင့်အား အသိအမှတ်ပြု၊ ကာကွယ်၍ မှတ်ပုံတင်ပေးခြင်း မပြုရဟု ဖယ်ကြဉ်ထားခြင်း မရှိပါ။

၂၀၁၂ လယ်ယာမြေဥပဒေတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ထုတ်ပေး၍ တောင်သူများအား မြေတွင် စိုက်ပျိုး လုပ်ကိုင်ခွင့်ပေးသည်။ တောင်သူ တစ်ဦးချင်းသည် လုပ်ပိုင်ခွင့်လက်မှတ်အားဖြင့် မြေကို ဝယ်ယူ၊ ရောင်းချ၊ လွှဲပြောင်းပေးနိုင်သည်။ ခြုံငုံ ကြည့်လျှင် ဤဥပဒေသည် မြေပြန့်ရှိ စိုက်ပျိုးရေး အလေ့အထများ သို့မဟုတ် အတည်တကျ သတ်မှတ် စိုက်ပျိုးသော မြေကွက်များ အတွက် ပို၍ ဦးတည် ရေးဆွဲထားခြင်း ဖြစ်သည်။ ရိုးရာမြေစီမံ လုပ်ကိုင်မှု စနစ်များဖြင့် တောင်သူတစ်ဦးချင်း သို့မဟုတ် ရပ်ရွာ အစုအဖွဲ့အား လုပ်ပိုင်ခွင့်ပေးအပ်ရန် သီးခြား ပြဋ္ဌာန်းချက်များ မပါဝင်ပါ။ သို့သော် Land Core Group (Ewers, 2015) ၏ သုတေသနတွင် လယ်ယာမြေ ဥပဒေ၌ "တောင်သူအဖွဲ့အစည်း" အားလည်း လုပ်ပိုင်ခွင့် လျှောက်ထားနိုင်သူအဖြစ် ထည့်သွင်းထားသည်ကို တွေ့ရပြီး ဤအချက်ကို အခြေခံ၍ ရပ်ရွာအစုအဖွဲ့အား တရားဝင် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့အဖြစ် သတ်မှတ်၍ မြေယာလုပ်ပိုင်ခွင့် မှတ်ပုံတင်သည့် လုပ်ထုံးလုပ်နည်းများ ဖွင့်ဆိုထားသည်။ လက်ရှိတွင် လယ်ယာမြေ ဥပဒေကို ပြန်လည်ပြင်ဆင်ရန် သုံးသပ်ဆွေးနွေးလျက် ရှိသည်။

၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေတွင် ပါဝင်သည့် "မြေလွတ်" နှင့် "မြေလပ်" မြေ အဓိပ္ပါယ်ဖွင့်ဆိုချက်များကြောင့် ရိုးရာဓလေ့ထုံးတမ်းအရ လုပ်ကိုင်သော မြေများ၊ အထူးသဖြင့် ရွှေ့ပြောင်း တောင်ယာ စိုက်ခင်းများမှာ သိမ်းဆည်းခံရနိုင်သည့် အန္တရာယ် မြင့်မားနေပါသည်။ ဤဥပဒေအရ အလှည့်ကျ စိုက်ပျိုးပြီး၍ လပ်ထားသော တောင်ယာလုပ်ကွက်များကို "မြေလပ်" ဟူ၍ သုံးစွဲနေခြင်းမရှိဟု သတ်မှတ်ကာ ပုဂ္ဂလိကလက်သို့ တရားဝင် လွှဲပြောင်း ချထား ပေးနိုင်သည်။ ဤဥပဒေသည် ပုဂ္ဂလိက လုပ်ငန်းများအား မြေလုပ်ပိုင်ခွင့် ချထားပေးရန် အဓိက ဇောင်းပေး ရေးဆွဲထားသည့် ဥပဒေဖြစ်၍ နေရပ်စွန့်ခွာတိမ်းရှောင် ရသူများ၏ မူလမြေများအား မြေလွတ်ဟုသတ်မှတ်၍ အခြားသူများထံ ချထားပေးလိုက် နိုင်သောကြောင့် အနာဂါတ်တွင် ၎င်းတို့ ပြန်လည်အခြေချမည်ဆိုလျှင် ပြဿနာများ ပေါ်ပေါက်စေပါသည်။ ဒေသခံများ၏ မြေများကို မြေလွတ်၊ မြေရိုင်းအဖြစ် မှားယွင်းသတ်မှတ်လိုက်မည် ဆိုလျှင်လည်း ဒေသခံများ၏ ပြဿနာများကို တိုင်ကြားရန်၊ ဒေသခံများနှင့် ကုမ္ပဏီများ အကြားအငြင်းပွားမှုများကို ဖြေရှင်းရန် လွတ်လပ်သော တရားဝင် ဖြေရှင်းနည်းလမ်း များမရှိပါ။ မြေလွတ်၊ မြေရိုင်းဥပဒေကို လက်ရှိတွင် ပြင်ဆင်လျက်ရှိပြီး ပြင်ဆင်ချက်များကို ၂၀၁၇ နှစ်ကုန်ပိုင်းတွင် အဆိုပြုထားသည်။

၁၉၉၂ သစ်တောဥပဒေ၊ ၁၉၉၅ သစ်တောနည်းဥပဒေများနှင့် ၂၀၀၁ သစ်တောမဟာဗျူဟာတို့တွင် သစ်တောမြေအား အမြဲတမ်းသစ်တော ဖုံးလွှမ်းမြေ၏ တစ်စိတ်တစ်ပိုင်းအဖြစ်သတ်မှတ်၍

သစ်တောကြိုးဝိုင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တော သို့မဟုတ် ဘေးမဲ့တောများအဖြစ် အမျိုးအစား သတ်မှတ် ထားသည်။ ရိုးရာဓလေ့ထုံးတမ်းအရ စီမံလုပ်ကိုင်သော မြေများ၊ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာမြေ၊ အထွတ်အမြတ် သစ်တောများနှင့် ဒေသခံများ စီမံလုပ်ကိုင်သော သစ်တောမြေများမှာ ဤအမြဲတမ်း သစ်တောဖုံးလွှမ်းမြေများထဲတွင် ကျရောက်နေလေ့ ရှိသည်။ ၂၀၁၃ ခုနှစ်တွင် အမိန့်ကြေညာချက် တစ်ရပ် ထုတ်ပြန်ခဲ့ပြီးနောက် အိမ်ထောင်စု ၅၀ နှင့်အထက်ရှိကာ သက်ဆိုင်ရာဒေသတွင် ကြာမြင့်စွာ နေထိုင်လာသည့် သမိုင်းကြောင်းရှိသော ကျေးရွာများ၏ ရွာမြေနှင့် သစ်တောမြေများကို အမြဲတမ်း သစ်တော ဖုံးလွှမ်းမြေများထဲမှ ဖယ်ရှားခွင့်ရရှိပြီး မြေလုပ်ပိုင်ခွင့်ပြု လက်မှတ်လျှောက်ထားလာနိုင်သည်။ သို့သော် လက်တွေ့တွင် ဤအမိန့်ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် မဖော်နိုင်ခဲ့ပါ။ ရွှေ့ပြောင်းတောင်ယာ မြေများမှာ သစ်တောဧရိယာများထဲတွင် ဆက်လက် ကျန်ရှိနေလေ့ရှိပြီး အစိုးရက ထိုမြေများအား ဒေသခံ အစုအဖွဲ့ပိုင် သစ်တောလက်မှတ်များဖြင့် အသိအမှတ် ပြု၍ သီးနှံသစ်တော စိုက်ပျိုးခြင်းများ ဆောင်ရွက်စေရန် အကြံပြုထားသည်။

မကြာသေးမီက (၁၉၉၅ ဒေသခံ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ညွှန်ကြားချက်အား အခြေခံ၍) ပြင်ဆင်ထုတ်ပြန် ထားသော ၂၀၁၆ ဒေသခံ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ညွှန်ကြားချက်တွင် လက်ရှိ ပြည်ထောင်စုဥပဒေများနှင့်အညီ သစ်တော ဧရိယာများ အား စုပေါင်းလုပ်ပိုင်ခွင့် အသိအမှတ်ပြု လျှောက်ထား နိုင်မည့် အသုံးအများဆုံး နည်းလမ်းကို ဖန်တီးပေးထားသည်။ ဒေသခံ အစုအဖွဲ့ပိုင် သစ်တောလက်မှတ် ထုတ်ပေးခြင်းအားဖြင့် မြေကို နှစ် ၃၀ လုပ်ပိုင်ခွင့် ရရှိကာ သက်တမ်းထပ်တိုးနိုင်သည်။ ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွင် သစ်တော ပြန်လည်စိုက်ပျိုးခြင်း၊ အရည်အသွေးနိမ့်သစ်တောအား ပြန်လည်ပြုစုထူထောင်ခြင်းနှင့် အထူးသဖြင့် ထင်းရှားပါးရာ



ဒေသများတွင် သစ်ထုတ်ကွက်များ ထူထောင်ခြင်းတို့ ပါဝင်လေ့ရှိသည်။ ဒေသခံ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်းအား အားပေးရန် ၂၀၁၆ တွင် ဒေသခံ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ညွှန်ကြားချက်အား ပြင်ဆင်ခဲ့ခြင်း ဖြစ်ကာ ဥပဒေအဖြစ် အာဏာ သက်ဝင်စေရန် သစ်တောဥပဒေ၌ ပြင်ဆင်ချက် ထည့်သွင်းလာမှုကို စောင့်ဆိုင်းနေသည်။ နောက်ဆုံး ပြင်ဆင်ထားသည့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းညွှန်ကြားချက်တွင် ရိုးရာဓလေ့ထုံးတမ်း နယ်နိမိတ်များနှင့် စီမံလုပ်ကိုင်မှု အလေ့အထများကို ရည်ညွှန်းဖော်ပြထားပြီး ဒေသခံ အစုအဖွဲ့ပိုင် သစ်တောများတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း သို့မဟုတ် အထိုင်ချစိုက်ပျိုးခြင်းများ မပြုလုပ်ရန် တားမြစ်ချက်ကို ပယ်ဖျက်ထားသည်။ ဝင်ငွေတိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရန် ရည်ရွယ်၍ ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအား ၎င်းတို့သစ်တောများမှ ထွက်ကုန်များကို ရောင်းချခွင့်လည်း ပြုထားပြီး သစ်တောများကို ရေရှည်ထိန်းသိမ်း၍ စီးပွားဖြစ် အသုံးပြုရန် တရားဝင်ခွင့်ပြုထားသည်။ ဒေသခံအစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူ အဖွဲ့များ၏ အဖွဲ့အစည်းအားကောင်း ခိုင်မာစေရန်လည်း ပိုမိုအာရုံစိုက်ထားသည်။

ရပ်ရွာအခြေပြု ငါးလုပ်ငန်းအသင်းများမှာ ငါးလုပ်ငန်း နေရာများကို အစိုးရနှင့် ပူးတွဲစီမံခန့်ခွဲနိုင်ရန် တရားဝင် အသိအမှတ်ပြု အခွင့်အရေး လျှောက်ထားနိုင်သည်။ ကုန်းတွင်းရေချို ငါးလုပ်ငန်းများအတွက် ၁၉၉၁ ရေချို ငါးလုပ်ငန်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပြီး ကမ်းရိုးတန်း ကမ်းနီးငါးလုပ်ငန်းများ (ကမ်းမှ ကီလိုမီတာ ၂၀ အတွင်းဟု ဖွင့်ဆိုထားသည်) အတွက် ၁၉၉၀ ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အများအပြားတွင် ကိုယ်ပိုင် ငါးလုပ်ငန်းစီမံခန့်ခွဲမှု ဥပဒေများ ရှိပြီး ဤရိုးရာ အရင်းအမြစ်များကို မည်သို့ အသိအမှတ်ပြု၊ ပူးတွဲ စီမံခန့်ခွဲနိုင်သည်ဆိုသည်ကို ပိုမိုအသေးစိတ် ရှင်းလင်း ထားသည်။

NLUP ကို လူအများပါဝင်၍ ဆွေးနွေးတိုင်ပင် သဘောထားခံယူသည့် လုပ်ငန်းစဉ်ဖြင့် ၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၎င်း၏ လမ်းညွှန်မှုများတွင် “တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ် ပြုပြီး အကာအကွယ် ပေးရန်”၊ နှင့် “

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ ကိုယ်ပိုင် လုပ်ကိုင်ခွင့်နှင့် စုပေါင်းလုပ်ကိုင်ခွင့်များကို အသိအမှတ် ပြုကာကွယ်ပေးရန်” ဟု ဖော်ပြထားပါသည်။ “ပြည်သူများ အထူးသဖြင့် လုပ်ကွက်ငယ် တောင်သူ လယ်သမားများ၊ ဆင်းရဲသားများ၊ တိုင်းရင်းသား လူမျိုးများနှင့် အမျိုးသမီးများ၏ မြေလုပ်ပိုင်ခွင့်ကို ဒေသခံအဖွဲ့အစည်းများက အသိအမှတ် ပြုထားသည့် အပါ ဥပဒေအရ အသိအမှတ်ပြုပြီး အကာအကွယ် ပေးရန်” နှင့် “အလှည့်ကျ ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးမြေများနှင့် ရိုးရာဓလေ့ထုံးတမ်းအရ စိုက်ပျိုး သည့် အလေ့အထများကို ကာကွယ် ပေးရန်” လည်း တောင်းဆိုထားသည်။

(လက်ရှိတွင် အစိုးရမှ ဆွေးနွေး ပြင်ဆင်နေသော ) အမျိုးသားမြေဥပဒေ၌ “ရိုးရာမြေ အသုံးချမှု အခွင့်အရေး အပြည့်အဝ ရရှိရေး အတွက် လည်းကောင်း၊ ယင်းအခွင့်အရေးကို ကာကွယ် နိုင်ရေး အတွက် လည်းကောင်း၊ ဘက်မလိုက်သော အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်များကို အသင့်အသုံးပြု နိုင်ရေးအတွက် လည်းကောင်း ရိုးရာမြေ အသုံးချမှုစနစ်ကို အမျိုးသားမြေဥပဒေ၌ ပြဋ္ဌာန်းပေးရမည်” ဟု NLUP တွင် သတ်မှတ် ပြဋ္ဌာန်းထားသည်။ ထို့ပြင် “တိုင်းရင်းသားလူမျိုးစုများ အသုံးချလျက်ရှိသည့် မြေများကို မှတ်ပုံတင်ခြင်း၊ မြေအမျိုးအစားပြန်လည် သတ်မှတ်ခြင်း မပြုရသေးမီ အများပြည်သူအကျိုးစီးပွားအလို့ငှာ ဆောင်ရွက်သည့် လုပ်ငန်းများမှအပ အခြားမြေအသုံးချခွင့်ပြုခြင်းအား ယာယီအားဖြင့် ဆိုင်းငံ့ထားရမည်”ဟု ပါရှိသည်။ “မတရား သိမ်းဆည်းခံရခြင်းကြောင့် ဖြစ်စေ၊ စစ်ဘေး စစ်ဒဏ်ကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိနေထိုင်လုပ်ကိုင်သော မြေကို စွန့်ခွာသွားရသော တိုင်းရင်းသားများ မိမိနေရပ်ဒေသသို့ ပြန်လည် အခြေချနေထိုင်လိုပါက နိုင်ငံတကာတွင် ကျင့်သုံး နေသော အကောင်းဆုံး လုပ်ထုံးလုပ် နည်းများနှင့် လူ့အခွင့်အရေးစံများနှင့် အညီ လုံလောက်သည့် မြေလုပ်ပိုင်ခွင့်နှင့် နေထိုင်ခွင့်တို့ ရရှိစေရန် စနစ်တကျ စီမံဆောင်ရွက် ပေးရမည်။” NLUP ပါ အထက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်အားလုံးမှာ VGGT ပါ အခြေခံမူများနှင့် အပြည့်အဝ ညီညွတ်မှု ရှိပါသည်။

NLUP တွင် ဗဟိုထိန်းချုပ်မှုကို ဇောင်းပေးထားခြင်း၊ စကားလုံးအသုံးအနှုန်း ရည်မှန်းချက် ကြီးလွန်းခြင်းနှင့် မြေသိမ်း လုပ်ထုံးလုပ်နည်းများအား အာရုံစိုက်ထားခြင်း ကဲ့သို့ စိန်ခေါ်မှုများ ရှိနေသေးသော်လည်း ရိုးရာမြေ အသုံးချမှုအား ပိုမိုအသိအမှတ်ပြုရေးအတွက် နှိုးဆော်ရန် အဓိက အခွင့်အလမ်းတစ်ရပ် ဖန်တီး ပေးပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) မှ ထုတ်ပြန်သော ဒုတိယအကြိမ် ကာလတို ငါးနှစ်စိုက်ပျိုးရေး မူဝါဒနှင့် မဟာဗျူဟာတွင် NLUP အား တိုက်ရိုက် ရည်ညွှန်းထည့်သွင်း ထားသကဲ့သို့ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် အမျိုးသား မြေအသုံးချမှု ကောင်စီဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်တွင်လည်း တိုက်ရိုက်ရည်ညွှန်း ဖော်ပြထားသည်။

လက်ရှိတွင် ၁၈၉၄ မြေသိမ်းအက်ဥပဒေအား ပယ်ဖျက်အစားထိုးမည့် ၂၀၁၇ မြေသိမ်းဥပဒေမူကြမ်း ထွက်ရှိထားပါသည်။ ယခင်ဥပဒေတွင် နိုင်ငံတော်နှင့် ကုမ္ပဏီများသည် “အများပြည်သူအကျိုးစီးပွားအတွက်” လိုအပ်သည်ဟု တင်ပြနိုင်ပါက မြေကိုတစ်ဖက်သတ် သိမ်းယူပိုင်ခွင့်ပြုထားသည်။ ယခုဥပဒေကြမ်းတွင် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြစ်သည့် ကြိုတင်အကြောင်းကြားရမည့်ကာလ၊ မြေသိမ်းမှုအား ကန့်ကွက်ခြင်း၊ မြေတန်ဖိုးအကဲ ဖြတ်ခြင်း၊ မြေသိမ်းခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်၊ တရားရုံးလုပ်ငန်းစဉ်များနှင့် အယူခံဝင်ခြင်းများ၊ မြေကို ယာယီ ရယူခြင်း လုပ်ထုံးလုပ်နည်းများနှင့် ကုမ္ပဏီများ မြေသိမ်းယူခြင်း တို့နှင့် စပ်လျဉ်း၍ ပိုမို ပုံဖော်ရေးဆွဲထားသည်။ မြေသိမ်းယူခံရသည့် ပြည်သူများအား ရွှေ့ပြောင်းအခြေချရခြင်းအတွက်လည်း ဥပဒေသစ်တွင် ထည့်သွင်း ရေးဆွဲထားသည်။ ဥပဒေကြမ်းတွင် ရိုးရာမြေနှင့် အရင်းအမြစ်များ ရယူသုံးစွဲခွင့်နှင့် စပ်လျဉ်း၍ တိတိကျကျ ဖော်ပြထားခြင်းမရှိသလို မြေယာ လုပ်ပိုင်ခွင့် စီမံခန့်ခွဲရာ၌ ဒေသအလိုက်ကျင့်သုံးသော ရိုးရာစနစ်များ အကြောင်း လုံးဝ ထည့်သွင်း ရည်ညွှန်းထားခြင်း မရှိပါ။ အဆိုပြုထားသည့် ဥပဒေကြမ်းသည် မြေအသုံးချခွင့်များ၊ တိုင်းရင်းသား အခွင့်အရေးများ၊ ရိုးရာမြေ အသုံးချခွင့်များနှင့် အရင်းအမြစ်များအား စုပေါင်း လုပ်ပိုင်ခွင့်များအား ကာကွယ်ထားသည့် အခြား ဥပဒေ၊ မူဝါဒများအား ဆန့်ကျင်၊ ထိခိုက်စေခြင်း မရှိစေရန် သေချာစွာ ဆန်းစစ်အကဲဖြတ်ရန် လိုအပ်ပါသည်။

# စိန်ခေါ်မှုများ

NLUP တွင် မည်သို့ပင် ပြဋ္ဌာန်းသတ်မှတ်ထားစေကာမူ လက်ရှိအချိန်ထိ မြန်မာနိုင်ငံတွင် ရိုးရာမြေ စီမံလုပ်ကိုင်မှုအတွက် တရားဝင် ဥပဒေ အကာအကွယ် နည်းပါးနေသေးသည်။ ရိုးရာမြေ စီမံလုပ်ကိုင်မှုအား တရားဝင် ပြဋ္ဌာန်း အသိအမှတ်ပြု ကာကွယ်ထားခြင်း မရှိသောကြောင့် ဒေသခံ ပြည်သူများမှာ နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများ၏ မြေသိမ်းယူမှုကို ခံရနိုင်ပြီး ဖြစ်ရပ်လေ့လာမှုများ တွင်လည်း ဤဖြစ်ရပ် အများအပြားအား မှတ်တမ်း တင်ထားပြီးဖြစ်သည်။ ဤအခြေအနေတွင် မြေယာ ဆိုင်ရာ တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများမှာ ဒေသခံတို့၏ အသက်မွေး ဝမ်းကြောင်းနှင့် စားနပ်ရိက္ခာ၊ အာဟာရ ဖူလုံရေး တို့အတွက် အနုတ် သဘောဆောင် သက်ရောက် နိုင်ခြေများ ရှိနေသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းကြောင့် စီးပွားရေး လုပ်ငန်းများသည် စိုက်ပျိုးရေးလုပ်ငန်း၊ အရင်းအမြစ် ထုတ်ယူမှု လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများ အတွက် လုပ်ကွက်များ ရယူကာ မြေများ ပိုမို ရယူလာနိုင်လာပါသည်။ ဤသို့ချထားပေးရာတွင် တိုင်းရင်းသားများ၏ ခိုင်လုံသောရိုးရာမြေ ရပိုင်ခွင့်များကို ထည့်သွင်းစဥ်းစားခြင်းမရှိပါ။ ခြုံ၍ကြည့်လျှင် အကျိုးဆက်အဖြစ် ဒေသခံများ နေရပ်စွန့်ခွာရခြင်း၊ မြေယာနှင့် (ရံဖန်ရံခါ ကျပန်းအလုပ်များ မှအပ)အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခြင်းနှင့် ဒေသတွင်းပဋိပက္ခများ ဖြစ်ခြင်းတို့ကို ပေါ်ပေါက်စေပါ သည်။ မြေသိမ်းယူမှုအား ဖြေရှင်းရန် အခြားဥပဒေ လမ်းကြောင်းမရှိသလောက်ဖြစ်၍ ဒေသခံများမှာ မြေချထားပေးမှုများကို ဆန့်ကျင်ဆန္ဒပြမှုများ ပိုမို လုပ်ဆောင်လာရသည်။

ကျွမ်းကျင်မှု အရည်အချင်းများ အားနည်းခြင်းနှင့် အချို့သော သက်ဆိုင်သူများအကြား လွှမ်းမိုးနေသော ခံယူချက်သဘောထားနှင့် အပြုအမူများကြောင့် အစိုးရနှင့် ပြည်သူအကြားယုံကြည်မှုမှာ ရှုပ်ထွေး ခက်ခဲလျက်ရှိသည်။ အားလုံးလွှမ်းခြုံသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်တွင်းနိုင်ငံရေးနှင့် လူမှုရေး တည်ငြိမ်မှုတို့အတွက် ဒေသခံအသိုက်အဝန်းများ၏ အရင်းအမြစ်ရပိုင်ခွင့်များ အာမခံချက်ရှိရန်လိုကြောင်း နားလည်အလေးထားမှု နည်းပါးနေသည်။

၂၀၁၂ တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းက တိုင်းရင်းသားလူမျိုးများ၊ အထူးသဖြင့် မြေယာလုပ်ပိုင်ခွင့် လက်မှတ်မရနိုင်သော ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူများအတွက် မြေယာ လုပ်ပိုင်ခွင့် ခိုင်မာမှုမရှိခြင်းကို ပိုမိုဆိုးရွားလာစေပါသည်။ သို့သော် အာဏာပိုင်များသည် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူများထံမှ နှစ်ပတ်လည်အခွန်ငွေ ကောက်ခံ လျက် ရှိဆဲပင် ဖြစ်သည်။ အနာဂါတ်တွင်မူ ဤအခွန်ပြေစာများမှာ တောင်ပေါ်ဒေသ တောင်သူများ၏ မြေယာရပိုင်ခွင့်ကို သက်သေပြရန် အထောက်အထား အဖြစ် သုံး၍ ရကောင်းရလာနိုင်ပါသည်။

၂၀၁၆ ပထမနှစ်ဝက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသည် မြေအငြင်းပွားမှုများနှင့် ပဋိပက္ခများကို ဖြေရှင်းရန် သိမ်းဆည်း မြေပြန်လည်စိစစ်ရေး ဗဟိုကော်မတီနှင့် ပြည်နယ်နှင့် တိုင်းအလိုက် ကော်မတီများ ဖွဲ့စည်းခဲ့သည်။ သို့သော် ဤကော်မတီများ သည် ယခင်အစိုးရလက်ထက်တွင် စတင်ခဲ့သော အမှု အများစုဖြစ်သည့် အငြင်းပွားမှုများ အရေအတွက် များပြားလှသောကြောင့် နိုင်နင်းစွာကိုင်တွယ်နိုင်ခြင်း မရှိသေးပါ။ လေ့လာဆန်းစစ်မှုများအရ သိမ်းဆည်းမြေ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသည် တပ်မတော်၊ စက်မှုသီးနှံ စီမံကိန်းများနှင့် သတ္တုတူးဖော်ရေး စီမံကိန်းများ စသည်တို့နှင့် စပ်ဆက်သည့် အငြင်းပွားမှု အများအပြားကို အများပြည်သူထံ



©FAO/Hkun Lat

ထုတ်ပြန်ထားခြင်း မရှိဘဲ ပြဿနာဖြစ်နိုင်သည့်အမှုကြီးများအား ရှောင်ကာ မြို့ပြဒေသများရှိ အမှုများကို အာရုံစိုက် ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရသည် (စံသိန်းနှင့် အဖွဲ့၊ ၂၀၁၇)။ မြေအငြင်းပွားမှု ဖြေရှင်းရေး လမ်းကြောင်းများနှင့် တရားမျှတမှုရရှိရေး လုပ်ငန်းစဉ်များမှာ တိုးတက်ရန် လိုအပ်နေပါသည်။ အချို့ အစိုးရမဟုတ်သောအဖွဲ့များနှင့် တောင်သူများသည် မြေသိမ်းခံရမှုများကို တရားရုံးများထံ တင်ပြလျှောက်ထား သော်လည်း ရိုးရာမြေအသုံးချမှုကို တရားဝင် အသိအမှတ်မပြုထားခြင်း၊ ရိုးရာဓလေ့ထုံးတမ်း အရ ပိုင်ဆိုင်သည့်မြေ သို့မဟုတ် မြေအသုံးချခွင့် လက်မှတ်မရှိသည့်မြေတို့ကို တရားဝင် အသိအမှတ် မပြုသည့် အတွက် တရားရင်ဆိုင်ရာတွင် အတား အဆီးများ ကြုံရလျက်ရှိသည်။

# အခွင့်အလမ်းများ

၂၀၁၆ တွင် အတည်ပြုခဲ့သော NLUP တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း အပါအဝင် ရိုးရာမြေအသုံးချမှုကို အသိအမှတ်ပြုသည့် စာပိုဒ် အများအပြား ပါဝင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ရိုးရာဓလေ့ထုံးတမ်း အခွင့်အရေးများကို တရားဝင် အသိအမှတ်ပြုလာရန် အဓိက အခွင့်ကောင်းတစ်ရပ်လည်း ဖြစ်သည်။ NLUP တွင် မြေဥပဒေသစ် တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်နှင့် ရိုးရာမြေ စီမံလုပ်ကိုင်မှုကို လက်တွေ့ကျကျ “အသိအမှတ်ပြု စီမံခန့်ခွဲရန်” စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများ ပြဋ္ဌာန်းရန် ထောက်ခံတိုက်တွန်း ထားသည်။

၂၀၁၈ ဇန်နဝါရီလတွင် NLUP အား အကောင်အထည်ဖော်ရန် အမျိုးသား မြေအသုံးချမှု ကောင်စီ (NLUC) အား ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။ NLUC တွင် သက်ဆိုင်ရာ ဝန်ကြီးဌာန ရှစ်ခုမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ အားလုံး ပါဝင်သည်။ NLUC ၏ အဓိကတာဝန်များမှာ ၁၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မြေအသုံးချမှုကော်မတီများ ဖွဲ့စည်းရန်၊ ၂၊ NLUP နှင့်အညီ အမျိုးသားမြေဥပဒေသစ် ရေးဆွဲရန်၊ ၃၊ မြေယာ မှတ်တမ်းမှတ်ရာများ၊ မြေပုံများ၊ မှတ်ပုံတင်ခြင်း စနစ်များ တစ်ညီတစ်ညွတ်တည်း ဖြစ်အောင် ပြင်ဆင်ရေးဆွဲရန် နှင့် ၄၊ ဖွံ့ဖြိုးရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြေအသုံးချမှု အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းများအား ကြီးကြပ်ရန်တို့ ဖြစ်သည်။ NLUC သည် အနည်းဆုံး ငါးနှစ်တစ်ကြိမ် NLUP အား ပြန်လည်သုံးသပ် ပြင်ဆင်မည် ဖြစ်သည်။ NLUC အားဖွဲ့စည်းခြင်းမှာ နိုင်ငံတစ်ဝန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြေယာစီမံအုပ်ချုပ်မှုအား သဟဇာတ ရှိ၍ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် အရေးကြီး ခြေလှမ်းတစ်ရပ်ဖြစ်သည်။

ရေးဆွဲမည့် မြေယာဥပဒေသစ်တွင် ရိုးရာမြေအသုံးချမှု အခွင့်အရေးများအား ဖော်ထုတ်၍ အသိအမှတ်ပြုရန် လုပ်ထုံးလုပ်နည်းများ ပါဝင်ရပါမည်။ ပြဋ္ဌာန်းချက်များ သည် လက်ရှိ ပြင်ဆင်ရန် ဆောင်ရွက်နေသည့် သစ်တောဥပဒေသစ်နှင့် သဟဇာတဖြစ်ရန်လိုအပ်သလို NLUP တွင် ဖော်ပြထားသည့် အခြေခံမူများအား ထည့်သွင်းရန်လိုအပ်ပါသည်။ နိုင်ငံတော်အဆင့်တွင် ဤဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာ၌ NLUP အား ရေးဆွဲစဉ်ကကဲ့သို့ပင် အကျိုးသက်ဆိုင်သူများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ခွင့်ရရန် လိုပါသည်။

မြန်မာနိုင်ငံ၏ ကျေးလက်နေလူထုများ ရေရှည်တည်တံ့၊ သာတူညီမျှရှိ၍ ကြွယ်ဝဖူလုံစေရန် ရိုးရာမြေအသုံးချမှု အခွင့်အရေးများ၏ အရေးပါမှုကို ပိုမို သဘောပေါက် လက်ခံလာလျက်ရှိပါသည်။ အချို့သော အကျိုး သက်ဆိုင်သူများက ရိုးရာမြေနှင့် အရင်းအမြစ်များ အသုံးချပိုင်ခွင့်ကို တရားဝင် အသိအမှတ်ပြုခြင်းသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ စည်ပင်ဝပြောရေးအတွက် အရေးပါကြောင်း သဘောပေါက် လက်ခံလာလျက် ရှိချိန်တွင် အခြားသူများကမူ ဤအချက်မှာ စီးပွားရေး အကျိုးစီးပွားကို ထိခိုက်စေသည်ဟု ရှုမြင်လျက် ရှိသေးသည်။ VGGT ကို ကျယ်ပြန့်စွာ ဖြန့်ဝေ၍ အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သော ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းဖြင့် ဤကိစ္စရပ်များအကြောင်း ပိုမို သိနားလည်ကာ နှစ်ဖက်အမြင်များအကြား မျှခြေကို ရှာဖွေရာတွင် အထောက်အကူပြုနိုင်ပါမည်။

ရိုးရာမြေအသုံးချမှုများအား မှတ်ပုံတင်ရာတွင် ဥပဒေပိုင်း၊ လူမှုရေးပိုင်း၊ စနစ်ပိုင်းနှင့် နည်းပညာပိုင်း ကိစ္စရပ် များကို ပြင်ဆင်ရပါမည်။ သက်ဆိုင်ရာ မြေကို ကွင်းဆင်း တိုင်းတာ၍ လုပ်ပိုင်ခွင့်ရှိသူကို တရားဝင် အသိအမှတ် ပြုရမည်။ မြေတိုင်းတာခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာ ဒေသ၏ ရိုးရာဓလေ့ထုံးတမ်း စနစ်များတွင် ကျင့်သုံးသည့် အခွင့်အရေး

များအားလုံးနှင့်အညီဖြစ်စေရန် သုံးသပ် စဉ်းစား အဖြေရှာရပါမည်။ ဒေသခံများ၏ ရိုးရာ အခွင့်အရေး ၊ ရပိုင်ခွင့်များအား အာမခံချက်ပေးသည့် ဥပဒေ မူဘောင်၊ လုပ်ငန်းစဉ်များ ဖော်ဆောင်ပေးခြင်းမှာ ရပ်ရွာအဆင့်တွင် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး ၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ခိုင်မာရေး ၊ အားလုံးပါဝင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့ အတိုင်းအတာ တစ်ခုအထိ တိုးတက်ရေးအတွက် အရေးအပါအဆုံး နည်းလမ်းတစ်ရပ်ပင် ဖြစ်နိုင်ပါသည်။

မကြာသေးမီနှစ်များအတွင်း ရိုးရာအရင်းအမြစ် စီမံလုပ်ကိုင်မှုစနစ်များနှင့် လက်တွေ့ဖြစ်ရပ်များအား မှတ်တမ်းတင် လေ့လာရန် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံအသိုက်အဝန်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပါသည်။ ဤလုပ်ငန်းများ အနက် အများစုတွင် ပြည်နယ်အများအပြားရှိ ဒေသခံရွာသူရွာသားများက မိမိတို့၏ ရိုးရာမြေအဖြစ် ယူဆသော မြေများအား အသေးစိတ် တိုင်းတာ မြေပုံထုတ်ခြင်းလုပ်ငန်း ပါဝင်ပါသည်။ အမေရိကန် ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ (USAID) မှ ဒေသခံရပ်ရွာ အရင်းအမြစ်မှတ်တမ်းတင်ခြင်း အတွက် အားလုံးပါဝင်သော မြေတိုင်းတာခြင်း နည်းစနစ်တစ်ရပ်ကို ဖန်တီးခဲ့သလို (USAID, 2017a) မဲခေါင်ဒေသမြေယာစီမံအုပ်ချုပ်မှု စီမံကိန်း (MRLG) ကလည်း ရိုးရာမြေစီမံလုပ်ကိုင်မှုများကို မှတ်တမ်းတင်ရန် လမ်းညွှန်စာအုပ် တစ်အုပ် ပြုစုခဲ့ပါသည်။ (Allaverdian et al., 2017)

ဒေသခံအစုအဖွဲ့ပိုင်သစ်တောမှာ အချို့အခြေအနေများ တွင် တိုင်းရင်းသားများ ရိုးရာမြေလုပ်ကိုင်စီမံပိုင်ခွင့် ခိုင်မာစေရန်အတွက် ကြားဖြတ် အကူအညီအဖြစ် ဆောင်ရွက်ရန် ကောင်းမွန် သင့်တော်သော်လည်း ရေရှည်တွင် ရိုးရာမြေ စီမံလုပ်ကိုင်မှုစနစ်များအား ကျယ်ကျယ်ပြန့်ပြန့် တရားဝင် အသိအမှတ်ပြုရေး အတွက် ခိုင်မာပြည့်စုံသော လုပ်ငန်းစဉ်တစ်ရပ် အဖြစ်မူ အသုံးမတည့်ပါ။ ရိုးရာမြေစီမံလုပ်ကိုင်ပိုင်ခွင့်အချို့ကို ခိုင်မာစေရန်အတွက် ဒေသခံ အစုအဖွဲ့ပိုင်သစ်တော အခွင့်အရေးမှာ တစ်ခုတည်းသော လက်တွေ့ကျသည့် ဥပဒေဘောင်တွင်းနည်းလမ်း အဖြစ် အချို့သူများက လက်ရှိတွင် ယူဆထားသည် ။ ဒေသခံအစုအဖွဲ့ပိုင် သစ်တောမှာ ကျေးရွာတစ်ရွာမှ စုပေါင်း လုပ်ပိုင်ခွင့် လက်မှတ်လျှောက်ထားသူ အစုအဖွဲ့ သို့မဟုတ် အသင်းအဖွဲ့အတွက် စုပေါင်းလုပ်ကိုင်ခွင့်ပြုပေးခြင်း ဖြစ်သည်။ ၎င်းသည် အချိန်ကာလ တစ်ခုအတွက် စီမံခန့်ခွဲပိုင်ခွင့် လွှဲအပ်ပေးခြင်းဖြစ်ပြီး ထာဝရ ရပိုင်ခွင့် မဟုတ်ပါ။ ဒေသခံအစုအဖွဲ့ပိုင် သစ်တောဧရိယာ အများအပြားတွင် ကြိမ်ပင်များကဲ့သို့ တစ်သီးပုဂ္ဂလ အိမ်ထောင်စုပိုင် မြေကွက်များ ၊ ရေထွက်အရင်းအမြစ် များနှင့် ထင်းခွေရာနေရာများကဲ့သို့ ရပ်ရွာဘုံသုံး ဧရိယာများ ပါဝင်နေသည် (Mark, 2017)။

လက်ရှိ ဥပဒေမူဘောင်အရ စွန့်လွှတ် သစ်တောမြေများအား အထိန်းအကွပ်မရှိ စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲအသုံးချခြင်းမှ ကာကွယ်ရန်အတွက် ဒေသခံ အစုအဖွဲ့ပိုင် သစ်တောများထူထောင်ခြင်းအား အားပေး သင့်ပါသည်။ MoNREC သည် တောင်ပေါ်ဒေသမှ တောင်သူများ၏ အလှည့်ကျစိုက်ပျိုး၊ လစ်လပ်ထားသော တောင်ယာကွက်များနှင့် ကျေးရွာပိုင်သစ်တောများကို ဒေသခံအစုအဖွဲ့ပိုင် သစ်တောလက်မှတ်ဖြင့် မှတ်ပုံတင် ပေး၍ "သီးနှံ သစ်တော ရောနှောစိုက်ပျိုး" စေနိုင်ရန် ကူညီပေးလိုကြောင်း ထုတ်ဖော်ထားသည်။

စီးပွားရေး လုပ်ငန်းများအား ချထားပေးသည့် မြေလုပ်ပိုင်ခွင့်များကို သုံးသပ်ရန်တွင် အများအပြားမှာ လုပ်ပိုင်ခွင့်ရသည့်မြေကို အပြည့်အဝအသုံးချခြင်း မရှိကြောင်း တွေ့ရသည်။ (Woods, 2015, စံသိန်းနှင့် အဖွဲ့၊ ၂၀၁၇) ထို့ကြောင့် လုပ်ပိုင်ခွင့် စာချုပ်များနှင့် အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်သင့်ပါသည်။ စနစ်တကျ၊ အသေးစိတ် စာရင်းစစ်လျှင် အနာဂါတ်တွင် လုပ်ပိုင်ခွင့်များအား ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် ပြန်လည်ရုတ်သိမ်းခြင်းအထိပင် ဆောင်ရွက်နိုင်ပါသည်။ ထိုနည်းလမ်းများဖြင့် ရိုးရာ ဓလေ့ထုံးတမ်းမြေများကို ဒေသခံကျေးရွာများသို့ ပြန်လည် အပ်နှင်းနိုင်မည် ဖြစ်သည်။ ပို၍ကျယ်ပြန့်စွာကြည့်လျှင် ဖွံ့ဖြိုးရေးအတွက် လုပ်ကွက်ငယ် ထုတ်လုပ်လုပ်ကိုင်သူများ၏ အခန်းကဏ္ဍ အရေးပါပုံကို ဆန်းစစ်ရန် အခွင့်အလမ်းလည်း ဖြစ်ပါ သည်။ ထုတ်လုပ်နိုင်စွမ်း၊ ကြပ်မတ်ထိန်းချုပ်မှုနှင့် အခွန်ကောက်ခြင်း ကိစ္စရပ်များကို ထောက်လျှင် လုပ်ကွက်ငယ် ထုတ်လုပ်လုပ်ကိုင်သူများက အလေးသာပြီး အကြီးစားလုပ်ပိုင်ခွင့် ချထားပေးခြင်းမှာ ပြဿနာများ ရှိကြောင်း ပေါ်လွင်လာပါမည်။ ဤအပိုင်းတွင် သိမ်းဆည်းမြေ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီက လမ်းကြောင်း ဖွင့်ပေးနိုင်ပါသည်။

# အကြံပြုချက်များနှင့် ရှေ့ဆက်ရန် နည်းလမ်းများ

၁။ မြေဥပဒေသစ်ရေးဆွဲခြင်း၊ သစ်တောဥပဒေ ပြင်ဆင်ခြင်းနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် သက်ဆိုင်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေးနှင့် နိုင်ငံတော်နှင့် အောက်ခြေအဆင့်များတွင် ကဏ္ဍစုံမှ သက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင် သဘောထားခံယူသည့် လုပ်ငန်းစဉ် ဖော်ဆောင်ရန်လိုပါသည်။ ဤအရေးပါသော ဥပဒေများ ရေးဆွဲရာတွင် သဟဇာတဖြစ်ရန်လိုပြီး အချိန်မီ ညှိနှိုင်း ဆောင်ရွက် သင့်ပါသည်။ လက်ရှိပြင်ဆင်လျက်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှုဥပဒေနှင့် မြေသိမ်းဥပဒေတို့ သည်လည်း အခြားဥပဒေကြမ်းများ နည်းတူ လိုက်လျော ညီထွေ ပြင်ဆင်ရန်နှင့် လာမည့် မြေဥပဒေသစ်နှင့် သဟဇာတညီညွတ်ရန် လိုပါသည်။ ဤဥပဒေသစ် များအားလုံးတွင် NLUP နှင့်အညီ ရိုးရာမြေစီမံ လုပ်ပိုင်ခွင့်အား အသိအမှတ်ပြု၍ အပြည့်အဝ လက်တွေ့ကျင့်သုံး နိုင်သည့် ပုံစံဖြစ်ရန် လိုပါသည်။

- မြေဥပဒေသစ်၊ သစ်တောဥပဒေပြင်ဆင်ချနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ ပြင်ဆင်ချက်တို့တွင် ထည့်သွင်းအသုံးပြုရန်အတွက် နိုင်ငံတစ်ဝန်းရှိ ရိုးရာဓလေ့ထုံးတမ်း မြေစီမံ လုပ်ကိုင်မှုများအား ဆက်လက်၍ အရှိန်အဟုန် မြှင့်ကာ သုတေသနပြုသင့်ပါသည်။ သုတေသန တွေ့ရှိချက်များကို သင့်လျော်သည့် နည်းဖြင့် ထည့်သွင်း စုစည်း အသုံးချရန် လိုပါသည်။ ဤသုတေသနများတွင် ဥပဒေပိုင်းဆိုင်ရာ၊ စနစ်မူဘောင်ပိုင်းဆိုင်ရာနှင့် အုပ်ချုပ်စီမံခန့်ခွဲမှု ပိုင်းဆိုင်ရာ ကဏ္ဍစုံ၊ရှုဒေါင့်စုံ လုံလောက်စွာ ထည့်သွင်း လေ့လာရန် လိုပါသည်။

- ဤလေ့လာမှတ်တမ်းတင်ခြင်းလုပ်ငန်းများနှင့် အတူ ဒေသန္တရ အစိုးရဝန်ထမ်းများနှင့် ဒေသခံများအား အသိပညာဖြန့်ဝေခြင်း၊ ဥပဒေရေးရာပညာပေးခြင်း နှင့် စွမ်းဆောင်ရည် မြှင့်တင် ပေးခြင်းများ ပိုမိုပူးတွဲ ဆောင်ရွက်သင့်ပါသည်။ မိမိတို့၏ အခွင့်အရေးများ နှင့် ရိုးရာဓလေ့ထုံးတမ်း စည်းမျဉ်းများမှာ မည်သည် ဆိုသည်ကို ဒေသခံများက အလွယ်တကူ ရှင်းပြနိုင်ပါက ၎င်းတို့၏ အခွင့်အရေးများအား တရားဝင် အသိအမှတ်ပြုရေး ဆောင်ရွက်ရာတွင် များစွာ ပိုမိုထိရောက်နိုင်ပါသည်။

- မြေဥပဒေအသစ်နှင့် နည်းဥပဒေများ၊ ဖော်ဆောင်ရန် လမ်းညွှန်ချက်များတွင် ပြည်တွင်းရှိ မြေယာ စီမံလုပ်ကိုင်ပုံ စနစ်အမျိုးမျိုး၊ အဖွဲ့အစည်းအလိုက် တာဝန်များ၊ တရားစီရင်ရေး လုပ်ငန်းစဉ်များ၊ မြေတိုင်းခြင်း၊ မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်း များနှင့် သင့်လျော်သော လျော်ကြေးပမာဏ (အများပြည်သူ အကျိုးစီးပွားအတွက် ရိုးရာမြေကို သိမ်းယူသည့်အခါ) စသည်တို့ကို တိကျစွာ ဖော်ပြထားရန် လိုပါသည်။

- ပုံစံအမျိုးမျိုးရှိသော ရိုးရာမြေစီမံလုပ်ကိုင်ပုံ အခြေ အနေများအတွက် ဖြေရှင်းနည်းလမ်းများ ဖန်တီး နိုင်ရန် ဥပဒေအသစ်များရေးဆွဲရာတွင် ပုံသေကားချ မဟုတ်ဘဲ ပျော့ပြောင်းမှုရှိရန် လိုပါသည်။ တောင်သူများအနေဖြင့် မတူညီသော မြေယာ သို့မဟုတ် သဘာဝအရင်းအမြစ် အမျိုးအစားအလိုက် ဆက်စပ်ခံစားခွင့် အဆင့်အသီးသီး အတွက် စုပေါင်းလုပ်ပိုင်ခွင့်နှင့် တစ်ဦးချင်းလုပ်ပိုင်ခွင့်များအား ပေါင်းစည်းနိုင်သည့် ရွေးချယ်ခွင့်များကို ဥပဒေများ တွင် ဖန်တီးပေးထားသင့်ပါသည်။ လက်တွေ့အားဖြင့် ရွှေ့ပြောင်းတောင်ယာမြေများ၊ လစ်လပ်ထားသည့် မြေများ၊ ယဉ်ကျေးမှု၊ ဘာသာရေး အထွတ်အမြတ် နေရာများအတွက် စုပေါင်းလုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် ပေးခြင်းမှနေ၍ ဒေသခံအစုအဖွဲ့ပိုင်သစ်တောပုံစံဖြင့် သစ်တောအား စုပေါင်းစီမံ လုပ်ကိုင်ခြင်းအထိ အမျိုးမျိုးရှိနိုင်ပါသည်။ ဤစုပေါင်း လုပ်ပိုင်ခွင့်ရ နေရာများတွင် အမြဲတမ်းအထိုင်ချစိုက်ပျိုးသော သို့မဟုတ် လူနေထိုင်သော တစ်ဦးချင်းပိုင်မြေကွက် များလည်း ရောနှောပါဝင်နိုင်ပြီး ထိုတစ်ဦးချင်းမြေ များအား “ကန့်သတ်မြေ” သို့မဟုတ် (လယ်ယာမြေ ဥပဒေပါ) မြေအသုံးချခွင့် လက်မှတ်ဖြင့် ခွင့်ပြု ထားနိုင်ပါသည်။ အခြားပုံစံတစ်မျိုးမှာ စုပေါင်းစီမံခွင့် ရှိသည့်မြေတွင် ရပ်ရွာ၏ ဆုံးဖြတ်ချက်ဖြင့် စုပေါင်းလုပ်ခြင်း သို့မဟုတ် တစ်ဦးတည်း လုပ်ကိုင်ခွင့်ပေးခြင်းများ ဆောင်ရွက်စေခြင်း ဖြစ်သည်။ အမှန်

တကယ်အားဖြင့် ဤပုံစံမှာ မြေယာ စီမံခန့်ခွဲမှု တာဝန်ကို ရပ်ရွာအဆင့်အထိ ခွဲပေး၍ "ဗဟိုထိန်းချုပ်မှု လျှော့ချခြင်း" အစစ်အမှန် ပေါ်ပေါက်ရေး အတွက် လမ်းကြောင်းတစ်ရပ် ဖြစ်ပါသည်။

- ရိုးရာမြေများအား တစ်ဦးခြင်း သို့မဟုတ် စုပေါင်းရပိုင်ခွင့်ရှိကြောင်း ဥပဒေအရ အသိအမှတ် ပြုမှုတိုင်းတွင် ၁၊ အမျိုးသမီးများ၏ မြေယာ အခွင့်အရေး တိုးတက်ရေးအတွက် သတ်မှတ်ချက် များ ပါဝင်ရန်၊ ၂၊ လင်မယားပိုင်မြေ လုပ်ပိုင်ခွင့် လက်မှတ်တွင် အမျိုးသမီး၏ နာမည်ပါ ထည့်သွင်း သည့် မှတ်ပုံတင် စနစ်ဖြစ်ရန်၊ ၃၊ အမျိုးသမီး တစ်ဦးတည်းပိုင် မြေယာ အတွက်ရှင်းလင်းစွာ ဖော်ပြထားရန်နှင့် ၄၊ ရပ်ရွာ စုပေါင်း လုပ်ပိုင်ခွင့်ရှိ နေရာများတွင် အမျိုးသမီးများ၏ အခွင့်အရေး ကိုလည်း ဖော်ပြသတ်မှတ်ထားရန် (ဥပမာ စီမံခန့်ခွဲမှု စည်းမျဉ်းများ အားဖြင့်) အရေးကြီးပါသည်။

- မြန်မာနိုင်ငံ၏ ခေတ်သစ် သမိုင်းအခြေအနေ အရ မြေဥပဒေသစ်တွင် နေရပ်စွန့်ခွာ ထွက်ပြေးရသူများ နှင့် ဒုက္ခသည်များ ပြန်လည် နေရာချထားရေး၊ အခြေချရေးအတွက် ၎င်းတို့၏ မြေယာ အခွင့်အရေးနှင့် ရိုးရာဓလေ့ထုံးတမ်း မြေအသုံးချမှု စနစ်များတွင် ပါဝင်ခွင့်ရှိရေး ကိစ္စရပ်များအား အတိအကျ ထည့်သွင်း ဖြေရှင်းသင့်ပါသည်။

- ၂။ ရိုးရာဓလေ့ထုံးတမ်း အရင်းအမြစ် စီမံလုပ်ကိုင်မှု စနစ်များအား မှတ်တမ်းတင်ခြင်းနှင့် မြေပုံထုတ်ခြင်း လက်ရှိဆောင်ရွက်ချက်များအား ချဲ့ထွင်၍ သဟာဇတ ရှိအောင် ဆောင်ရွက်သင့်သည်။

- ဤလုပ်ငန်းစဉ်တိုင်းအား ရပ်ရွာမှ ပူးပေါင်း ပါဝင်သော လုပ်ငန်းများအဖြစ် ဆောင်ရွက် သင့်သည်။ မြေတိုင်းတာခြင်း လုပ်ငန်းကို ကြည်လင်ပြတ်သား၍ မြေအနေအထားခြုံငုံသော ဂြိုလ်တုတိုင်းတာ ပုံထုတ် စနစ် (high resolution and georeferenced remote sensing imagery) အသုံးပြု၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည်။ ထွက်လာသော မြေပုံများသည် "ဝေဝါးသော" နယ်နိမိတ်များဖြင့် "ယာယီမြေပုံများ" ဖြစ်သော် လည်း ရပ်ရွာတွင်း သက်ဆိုင်သူများက သဘောတူ ထားသည့် မြေပုံများဖြစ်ပါမည်။ ဤမြေပုံများကို ကွင်းမြေပုံ သို့မဟုတ် မြေတိုင်းမြေပုံများနှင့် မရောထွေးသင့်ပါ။

- ဤယာယီမြေပုံများတွင် လစ်လပ်ထားသော မြေများ အပါအဝင် ရပ်ရွာက စုပေါင်းစီမံ အသုံးပြုသော အရင်းအမြစ် ဧရိယာ အားလုံးပါဝင်သင့်ပါသည်။ ရပ်ရွာအတွင်းမှ အစုအဖွဲ့များ သို့မဟုတ် ရပ်သူရွာသားတစ်ဦးချင်းအသုံးပြုသော ဧရိယာများ ကိုလည်း ထည့်သွင်းမှတ်သားရမည်။

- ယာဘီမြေပုံများကို ရေးဆွဲရန်နှင့် ပါဝင်မည့် အချက်များအတွက် စံသတ်မှတ်ချက်များကို လမ်းညွှန် စာအုပ်အသေးစားဖြင့် ကြိုတင်ညှိနှိုင်း သဘောတူညီမှု ရယူရမည်။

- အမှန်တကယ်မြေမှတ်ပုံတင်ချိန်နှင့် နောက်ပိုင်းတွင် အားလုံး ပါဝင်သော မြေအသုံးချမှု အစီအစဉ်ဆွဲခြင်း လုပ်ငန်းများတွင် ယာယီမြေပုံများအား အခြေခံ အကိုးအကားအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။

- ၃။ ကြားဖြတ် ကာကွယ်ရေး နည်းလမ်းများ ဖော်ဆောင်ခြင်း

- မြေဥပဒေသစ်နှင့် အခြားဥပဒေများ မထွက်ပေါ်လာမီ ရိုးရာဓလေ့ထုံးတမ်း မြေလုပ်ပိုင်ခွင့်များအား အသိ အမှတ်ပြု၊ ကာကွယ်ရန် ကြားဖြတ် အကာ အကွယ်များ ဆောင်ရွက်ဖို့ လိုပါသည်။ အကာအကွယ် နည်းလမ်းတစ်ခုမှာ ဒေသခံများ ကိုယ်တိုင် ဖော်ထုတ် သတ်မှတ်သော ရိုးရာမြေလုပ်ကွက်များအား လွှဲပြောင်းရောင်းချမှု (ပြင်ပမှသူများအား ရောင်းချခြင်းနှင့် အထူးသဖြင့် လုပ်ငန်းများအား ချထားပေးခြင်း) အား ယာယီတားမြစ်ထားရန် ဖြစ်သည်။ ဤမြေများအတွက် (လယ်ယာမြေဥပဒေ၊ သစ်တောဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ တို့နှင့်အညီ) လုပ်ပိုင်ခွင့်အသစ်များ ချထားပေးခြင်းအား တားမြစ်နိုင်ရန် ယာယီမြေပုံ မိတ္တူများအား MoNREC နှင့် MoALI တို့ထံ တင်သွင်းထားရန် လိုပါသည်။ စုပေါင်းလုပ်ကိုင်သည့် ရိုးရာမြေများနှင့် တစ်ဦးချင်းလုပ်ကိုင်သည့် ရိုးရာမြေ များအား တရားဝင် အသိအမှတ်ပြု၊ မှတ်ပုံတင် ပြီးချိန်တွင် ဤတားမြစ်ချက်ကို ပြန်လည် ရုတ်သိမ်းနိုင်သည်။

နောက်ထပ် အကာအကွယ် နည်းလမ်းတစ်ရပ်မှာ ရိုးရာဓလေ့ထုံးတမ်း အခွင့် အရေးများ ဥပဒေတွင် အသိအမှတ်မပြုသေးမီ ကာလ တစ်လျှောက်လုံး တစ်နိုင်ငံလုံး မြေလုပ်ပိုင်ခွင့် ချထားပေးခြင်းအား ရပ်ဆိုင်းထားရန်ဖြစ်သည်။

- ရသင့်ရထိုက်သော ရိုးရာဓလေ့ထုံးတမ်း အရင်းအမြစ်များအား လုပ်ပိုင်ခွင့် တောင်းဆိုထားသော နေရာများတွင် မြေလွတ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့် ချထားပေးခြင်းအား ကန့်သတ်သို့မဟုတ် လျှော့ချရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ထား သင့်သည်။ ထို့အတူ ဒေသခံများ ပါဝင်၍ ဆွေးနွေးညှိနှိုင်းခြင်း၊ လွတ်လပ်စွာ၊ ကြိုတင်၊ အသိပေး၊ သဘောတူညီချက် တောင်းခံချက် အလေ့အထ များကို အားပေး ဆောင်ရွက်သင့်သည်။
- သိမ်းဆည်းမြေ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် ကော်မတီများသို့ ရောက်ရှိ လာသော မြေအငြင်းပွားမှု အများအပြားမှာ ရိုးရာဓလေ့ထုံးတမ်းမြေယာများနှင့် စပ်ဆက် နေသည်။ အနာဂါတ် မြေယာမှတ်ပုံတင်ခြင်း အတွက် ပြင်ဆင်ရာတွင် ဤကော်မတီများ၏ လုပ်ပိုင်ခွင့်အား မြှင့်တင်ပေးခြင်း နှင့်/သို့မဟုတ် အခြား အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဥ်များ ပူးတွဲထားရှိပေးခြင်းတို့ လိုအပ်ပါသည်။ အခြား နည်းလမ်း တစ်ခုမှာ အထူး မြေယာခုံရုံးများ တည်ထောင်ရန် အစိုးရက အားပေးခြင်း ဖြစ်သည်။ မြေအငြင်းပွားမှုများ ဖြစ်နေသော ရပ်ရွာဒေသများကို ယာယီမြေပုံများရေးဆွဲရန်နှင့် ကြားဖြတ် အကာ အကွယ်များ ချမှတ်ပေးရန် ဦးစားပေးနေရာများ အဖြစ် ရွေးချယ်သင့်သည်။
- ၄။ ရိုးရာဓလေ့ထုံးတမ်းမြေများအား အသိအမှတ်ပြုရန် နှင့် မှတ်ပုံတင်နိုင်ရေးအတွက် ကနဦး ရှေ့ပြေး လုပ်ငန်းစဥ်များ ဖန်တီး စမ်းသပ်ခြင်း
- ဓလေ့ထုံးတမ်းမြေများအား အသိအမှတ်ပြု၊ မှတ်ပုံတင် နိုင်ရေးအတွက် ရှေ့ပြေးလုပ်ငန်းစဥ်များ ပုံစံထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ဆောင်ရွက် နေသော အခြား မြေပုံတိုင်းတာခြင်းနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းများနှင့် ချိတ်ဆက် ဆောင်ရွက်သင့်သည်၊ ဥပမာ OneMap Myanmar မှ ရေးဆွဲနေသော အွန်လိုင်း၊ လွတ်လပ်စွာ မျှဝေသုံးစွဲနိုင်သော မြေပုံ အချက်အလက် စနစ်မျိုး ဖြစ်သည်။ အဖွဲ့အစည်းအလိုက် တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ထားရမည်။
- ရိုးရာဓလေ့ထုံးတမ်းမြေများအား မှတ်ပုံတင်ရာတွင် လုပ်ပိုင်ခွင့်ရထိုက်သူများအား မှတ်ပုံတင်ရန် အရေးကြီးပါသည်။ အရင်းအမြစ်များအား စီမံ ခန့်ခွဲခြင်းနှင့် ဆုံးဖြတ်ချက်များချခြင်းတို့အတွက် တရားဝင်စည်းမျဥ်းများ ချမှတ်နိုင်ရန် အခြေခံ အဖြစ် တရားဝင် စည်းမျဥ်းများ ရေးဆွဲထားရန် လိုပါသည်။ ရပ်ရွာဘုံစုပေါင်း လုပ်ပိုင်ခွင့်တွင် မိသားစုအသစ်များ မည်သို့ ဝင်ရောက်နိုင်သည်၊ အဖွဲ့ဝင်မိသားစုများ မည်သို့ နုတ်ထွက်ရွှေ့ပြောင်းနိုင်သည် စသည်တို့ကို တရားဝင် စည်းမျဥ်းများအပေါ် မူတည်ကိုင်တွယ် နိုင်ပါသည်။ ထို့အတူ ရပ်ရွာအဖွဲ့တွင်း (စီမံခန့်ခွဲမှု) စည်းမျဥ်းများက ရွာ၏ နဂိုရှိနှင့်ပြီး ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့် စီမံပုံ အလေ့အထများကို မှတ်တမ်းတင်ထားမည် ဖြစ်သည်။ ဤစည်းမျဥ်းများ အပေါ်အခြေခံ၍ ရပ်ရွာအစုအဖွဲ့များသည် ၂၀၁၄ အသင်းအဖွဲ့ဥပဒေနှင့် အညီ တရားဝင် အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ပါသည်။ သို့သော် ကျေးရွာတစ်ရွာချင်းအလိုက် စည်းမျဥ်းများ ရေးဆွဲ သတ်မှတ်ခြင်းမှာ အချိန်ကြာမြင့်၍ ကုန်ကျစရိတ် ကြီးမားသော လုပ်ငန်း ဖြစ်နိုင်ပါသည်။

# ကျမ်းကိုးစာရင်း


Allaverdian, C., Fogerite, J., Scurrah N. & Si Thu Than Htike. 2017. *Documenting customary tenure in Myanmar. A guidebook.* MRLG guidebook #1. Vientiane and Yangon, Mekong Region Land Governance. (Available at http://mrlg.org/resources/documenting-customary-tenure-in-myanmar-a-guidebook-first-edition/).

Ewers, K.A. 2015. Study of upland customary communal tenure in Chin and Shan States. Land Core Group, Myanmar. (Available at http://www.burmalibrary.org/docs21/Andersen_K.E._2016-02-Communal_tenure_in_Chin_and_Shan_States-corr.pdf).

Ewers, K.A. 2016. *The recognition of customary tenure in Myanmar.* MRLG Thematic Study Series #3. Vientiane, Mekong Region Land Governance. (Available at http://mrlg.org/resources/the-recognition-of-customary-tenure-in-myanmar/).

FAO/CFS. 2012. *Voluntary guidelines on the responsible governance of tenure of land, fisheries and forests in the context of national food security.* Rome, FAO. 40 pp.

FAO. 2016. *REDD+ Drivers of deforestation report.* Rome, FAO.

FAO. (unpublished). Do agricultural and land policies support food and nutrition security in Myanmar? [Author: de Wit, P.] FAO, Myanmar.

FAO. (unpublished). Note on addressing land issues under Reconciliation and Peace Building. [Author: de Wit, P]. FAO, Myanmar.

Government of Myanmar. 2016. *National Land Use Policy.* Yangon, Myanmar.

Government of Myanmar. 2018. Formation of National Land Use Council, Notification No. 15/2018 (unofficial translation). Yangon, Myanmar.

Mark, S. 2017. *Analysis of Myanmar community forestry instructions.* Yangon, Myanmar. (unpublished).

San Thein, Diepart, J.-C., Allaverdian, C. & Aung Tin Moe. 2017. *Agro-business large scale land acquisition in Myanmar: Current situation.* Presentation given at Policy Dialogue with the Ministry of Agriculture, Livestock and Irrigation, and the Upper and Lower House of Parliament, 14–15 February 2017, Nay Pyi Taw. (Available at http://mrlg.org/resources/agro-business-large-scale-land-acquisition-in-myanmar-current-situation-and-ways-forward/)


Springate-Baginski, O. 2013. *Rethinking swidden cultivation in Myanmar: Policies for sustainable upland livelihoods and food security, Pyoe Pin.* University of East Anglia.

USAID. 2017a. *Community resource documentation toolkit.* Myanmar Land Tenure Project. Washington, DC, United States Agency for International Development.

USAID. 2017b. *Land tenure country profile Burma.* Washington, DC, United States Agency for International Development. (Available at https://land-links.org/wp-content/uploads/2013/05/USAID_Burma_Country_Profile_.pdf)

Woods, K. 2015. *Commercial agriculture expansion in Myanmar – Links to deforestation, conversion timber, and land conflicts.* Forest Trends Report Series, March 2015.








CONTACT INFORMATION

**FAO Regional Office for Asia and the Pacific**
39 Phra Athit Road, Phranakorn
Bangkok 10200, Thailand

Marianna.Bicchieri@fao.org

Louisa.Jansen@fao.org

CA1036MY/1/11.20